■ အသံ

# ကမ္ဘာနှင့်အဝန်း မေတ္တာထား၊ ပိုးလမ်းမကြီးတွင် ရည်မှန်းထား

တရုတ်မြေပုံကို လှန်ကြည့်ပါက ယဉ်ကျေးမှုကြောင့် တွမ်းဟွမ်မြို့ကဲ့သို့ ထူးကဲသော ညို့ဓာတ်ပါပြီးကမ္ဘာတွင် နာမည်ကျော်ကြားသော နေရာမျိုးမရှိ သယောင်ယောင်ဖြစ်သည်။ တရုတ်စကားလုံးတွင် “တွမ်း”ဆိုသည်မှာ ကြီးသည်ဟု အဓိပ္ပာယ်ရသည်။ “ဟွမ်”ဆိုသည်မှာ ကြွယ်သည်ဟုအဓိပ္ပာယ်ရသည်။ “တွမ်းဟွမ်”၏ အနက်အဓိပ္ပာယ်မှာ ကြီးမားပြီး မြင့်မြတ်သည်ဟု အဓိပ္ပာယ်ရသည်။

ရှေးခေတ်တွင် ယင်းနေရာသည် သဲကန္တာရဖြစ်ရုံသာမက၊ ခံတပ်စခန်းလည်းဖြစ်သည်။ ချမ်းသာကြွယ်ဝသော ကုန်သွယ်ရေး မြို့တော်ဖြစ်ရုံသာမက၊ အားလုံးပါဝင်သော၊ တံခါးဖွင့်လှစ်သော ယဉ်ကျေးမှုမြို့တော်လည်းဖြစ်သည်။ စက်တင်ဘာလပိုင်း အချိန်အခါဖြစ်သည့် တွမ်းဟွမ်မြို့သည် စိတ်လည်းကြွ၊ အလှလည်း ဖူးပွင့်လျက်ရှိသည်။ ယနေ့တွင်မူယင်းနေရာသည် ကမ္ဘာ့ယဉ်ကျေးမှု အနှစ်သာရများ စုစည်းထားသောအိုအေးစစ်၊ ကမ္ဘာ့ယဉ်ကျေးမှု မျိုးစုံမျိုးကွဲ၏ တောက်ပသော ပုလဲဖြစ်လာတော့သည်။ ပထမအကြိမ်ပိုးလမ်းမကြီး(တွမ်းဟွမ်) နိုင်ငံတကာ ယဉ်ကျေးမှုကုန်စည်ပြပွဲကို ယင်းနေရာ၌ဖွင့်လှစ်လိုက်သည်။ တွမ်းဟွမ်မြို့သည် သမိုင်းနှင့်အနာဂတ်ကို ချိတ်ဆက်ထားပြီး နှစ်ပေါင်းထောင်နှင့်ချီသော ကဗျာနှင့်ဆောင်းပါးများကို ဆက်လက်ရေးသား စပ်ဆိုသွားမည်ဖြစ်သည်။

ဤသို့တစ်ကမ္ဘာလုံးဂရုပြုကြသော အချိန်အခါတွင်ကမ္ဘာလုံး အတိုင်းအတာဖြင့်ထပ်မံလက်ဆွဲလာတော့သည်။ နိုင်ငံ (၈၆)နိုင်ငံ၊ နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်း(၅)ခုတို့မှ ရောက်ရှိလာကြသောကိုယ်စားလှယ် (၁၅၀၀)ကျော်တို့က တွမ်းဟွမ်မြို့သို့ စုဝေးလာကြသည်။ နိုင်ငံခြားအဖွဲ့အစည်း (၆၆)ခု၊ နိုင်ငံခြားဧည့်သည် (၄၃၄)ဦးတို့က တွမ်းဟွမ်မြို့တွင် ဆွေးနွေး၊ ဖလှယ်၊ တင်ဆက်ကြသည်။ မတူခြားနားသောလူမျိုး၊ မတူခြားနားသော အသားအရောင်၊ မတူခြားနားသောနိုင်ငံ၊ မတူခြားနားသောကိုးကွယ်မှုတို့ဖြင့် တက်ရောက်လာသူများသည် ယင်းစင်မြင့်ပေါ်တွင် ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာရေးအရဖလှယ်မှု၊ ထိတွေ့မှုနှင့် ပေါင်းသွင်းမှုများကို တွန်းအားပေးလျက်ရှိနေသည်။ ယဉ်ကျေးမှုဖိုရမ်၊ ယဉ်ကျေးမှုနှစ်ပတ်လည်ပြသပွဲ၊ အနုပညာတင်ဆက်ပြသပွဲ ကျင်းပခြင်းမှတစ်ဆင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်မှု၊ တံခါးဖွင့်ပါဝင်မှု၊ အပြန်အလှန် အတုယူမှု၊ အကျိုးတူ အနိုင်ရရှိမှုဖြစ်သော ပိုးလမ်းမကြီးစိတ်ဓာတ်ကို ပြသထားသည်။




ပထမအကြိမ်ပိုးလမ်းမကြီး (တွမ်းဟွမ်)နိုင်ငံတကာယဉ်ကျေးမှုကုန်စည်ပြပွဲ

ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ယဉ်ကျေးမှုနှင့် စာပေလုပ်ငန်းကို လုပ်ကိုင်နေဆဲဖြစ်သည်။ တွမ်းဟွမ်မြို့တွင် ကျွန်တော်ကိုယ်တွေ့ မျက်မြင်ကိစ္စအရပ်ရပ်ကို ပြန်လည်သတိရလာတော့သည်။

ကျွန်တော်အနုပညာ ကိုယ်စားလှယ်အဖွဲ့ကို ပထမဆုံးအကြိမ်ဦးဆောင်၍ခြစတြီးယား၊ ဂရိနိုင်ငံတို့သို့ချစ်ကြည်ရေးခရီးသွားရောက်သည်မှာ ၁၉၈၆ခုနှစ်ဖြစ်သည်။ ဗီယင်နာမြို့၌ တေးဂီတပွဲကို တက်ရောက်ခြင်း၊ ပြတိုက်ကို လေ့လာခြင်း၊ ဧည့်ခံပွဲကို တက်ရောက်ခြင်းအားဖြင့် ကျွန်တော့်အတွက် ပေးထားသောစွဲထင်ချက်မှာနယ်ခံဒေသမှ ဥရောပသားအများစုသည် တရုတ်နိုင်ငံမှာ လျှို့ဝှက်ဆန်းကြယ်သည်ဟု ယူဆထားပြီး နှစ်ပေါင်းငါးထောင်ကျော် သမိုင်းဖြင့် ရပ်တည်ခဲ့သော တရုတ်ယဉ်ကျေးမှုကို သိရှိနားလည်မှာမဟုတ်ပေ။ ယင်းသည်ယခင်တရုတ်နိုင်ငံ တံခါးပိတ်ခဲ့သော သမိုင်းနှင့်ဆက်နွှယ်နိုင်မှာ ဖြစ်ကောင်းဖြစ်မည်၊ အနောက်နိုင်ငံများမှ အရောင်ပါမျက်မှန်တပ်၍ အထင်လွဲအောင်ပြုလုပ်မှုနှင့်လည်း ဆက်နွှယ်နိုင်မှာ ဖြစ်ကောင်းဖြစ်မည်။

တစ်နေ့သောနေ့လယ်တွင်ကျွန်တော်တို့တည်းခိုကြသော နယ်ခံဟိုတယ်ပိုင်ရှင်က ပန်းတစ်စည်းကိုင်၍ ကျွန်တော့်အခန်းထဲသို့ ဝမ်းသာစွာဝင်လာသည်။ တိုယိုတာမော်တော်ကား၏ အရည်အသွေးမည်မျှကောင်းသည်၊ နီကွန်ကင်မရာ၏ စွမ်းဆောင်မှု မည်မျှများသည်၊ ဂျပန်သရုပ်ဆောင်များ ဖြစ်ကြသည့် ကောင်ချန်ကျင့်၊ ရှမ်းခုံပိုင်ဟွေတို့၏ သရုပ်ဆောင်မှုအတတ်မည်မျှ တော်သည်စသည်တို့အတွက် ကောင်းချီးပြုမဆုံးဖြစ်မိသည်။ ကျွန်တော်သည်ကွန်ဖူးမင်းသားဂျက်လီနှင့် နိုင်ငံတကာ နာမည်ကျော်မင်းသားဂျက်ကီချန်းကို လက်ဦးမှုရှိရှိနှင့် ကြားဖြတ်ပြော၍ မိတ်ဆက်ပေးရာသူအံ့ဩလာတော့သည်။ ယင်းမင်းသားတွေကို မကြားခဲ့ဖူးပါဟုပြန်ပြောသည်။ ထိုအခါကျမှ ၄င်းက ကျွန်တော့်မှာ မည်သည့်နိုင်ငံသားဟုသတိရ၍ ပြန်မေးတော့သည်။ “ကျွန်တော်က တရုတ်နိုင်ငံသားပါ”ဟု ကျွန်တော်ရိုးသားကျယ်လောင်စွာ ပြန်ဖြေလိုက်သည်။ သူက အားနာပါးနာပြုံးလိုက်ပြီး စိတ်အားထက်သန်မှု ချက်ချင်းပင်ကျသွားတော့သည်။ ကျွန်တော်သည် ယင်းဆိတ်ငြိမ်သော အခြေအနေကိုချိုးဖောက်၍ တရုတ်အကြောင်းအချို့ကိုမေးခဲ့ရာ သူမည်သည့်အကြောင်းကိုမျှ မသိရှိသည့်အပြင် သင်တို့တရုတ်နိုင်ငံတွင် ယောကျာ်းများက ကျစ်ဆံမြီးထားကြသည်၊ အဘယ်ကြောင့်သင်ကျစ်ဆံမြီးမထားသနည်း၊ သင်တို့တရုတ်နိုင်ငံတွင် ခရီးထွက်လိုလျှင် မြင်းလှည်းကိုသာစီးကြသည်မှာ ကားဝယ်ရန် ပိုက်ဆံမရှိလို့လားဟု ကျွန်တော့်ကိုပြန်မေးလိုက်သည်။ တရုတ်နိုင်ငံ၏ မြို့ပြများတွင် အများသုံးအိမ်သာလည်းမရှိ၊ လူတိုင်းလိုလိုခွေးသားစားလေ့ရှိသည် စသည့်စကားမျိုးကိုလည်း ပြန်ပြောခဲ့သည်။ ထိုအခါ ကျွန်တော် မအောင့်အည်း နိုင်တော့ဘဲ သူ့ကို အပြင်သို့ ထွက်ခိုင်းသည်။ လက်စသတ်သော် ၄င်းကပန်းစည်းပို့ပေးသည်မှာ ကျွန်တော့်ကို ဂျပန်နိုင်ငံသားအဖြစ် အထင်လွဲမှားသွားခြင်းပင်ဖြစ်သည်။

အနှစ်(၂၀)ကျော် သွားပြီးနောက် ကျွန်တော် တရုတ်အနုပညာ ကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်၍အီတလီ၊ ရုရှား၊ မော်လ်ဒိုဗာနိုင်ငံတို့သို့ နောက်ထပ်သွားရောက်ခဲ့သည်။ ကျွန်တော်တို့၏ ပထမဆုံးသော အစီအစဉ်မှာ ရောမအနုပညာပြတိုက်ကို သွားရောက်လည်ပတ်ကြည့်ရှုခြင်းဖြစ်သည်။ ဝင်ခွင့်လက်မှတ်စစ်ဆေးသူကကျွန်တော်တို့ကို တွေ့ရ၍ပထမဆုံးသောစကားတစ်ခွန်းမှာ အသံထွက်ပီသသည့် “နင်ဟောင်(မင်္ဂလာပါ)”ဟူသော တရုတ်စကားဖြင့် နှုတ်ဆက်ခြင်းဖြစ်သည်။ လမ်းညွှန်ကလည်း တရုတ်စကားဖြင့်မိတ်ဆက်ပေးခဲ့သည်။ အိမ်သာသန့်စင်ခန်းဖြစ်စေကာမူ သိသာထင်ရှားသော တရုတ်စာလုံးပါ ဆိုင်းဘုတ်များကိုလည်းတွေ့မြင်နိုင်သည်။ အီတလီနိုင်ငံသို့လည်း သွားရောက်လည်ပတ်ကြသော တရုတ်နိုင်ငံသား ခရီးသည်ဦးရေမှာ ဂျပန်၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံသား ခရီးသည်ဦးရေထက် များစွာကျော်လွန်ခဲ့သည်ကို ကျွန်တော်နောက်ပိုင်းမှ သိရှိရသည်။

ယနေ့ကာလတွင် တရုတ်စီးပွားရေးသည် အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိနေသည်။ နေရာတကာတွင် အညွန့်တလူလူ စည်ပင်ဝပြောလာနေသည်။ နိုင်ငံ့အင်အား အဆက်မပြတ်တိုးမြှင့်လာပြီး တရုတ်နိုင်ငံသားတိုင်း ခေါင်းပေါင်းစထောင်လာပြီး ယခင်အနှစ် (၃၀)ကဲ့သို့သော အထင်လွဲမှုမည်သည့်အခါမျှ မဖြစ်နိုင်တော့ပါ။ လွန်ခဲ့သည့်နှစ်ပေါင်း(၂၀၀၀)ကျော်က အာရှ-ဥရောပကုန်းမြေရှိနိုင်ငံအသီးသီးမှ ပြည်သူများသည် ပိုးလမ်းမကြီးကို ပေါင်းကူးတံတားအဖြစ်ထားပြီး ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံလာကြသည်။ မတူခြားနားသော ယဉ်ကျေးမှု ပန်းမန်များ အပြိုင်အဆိုင်ဖူးပွင့်ပြီး ပိုးလမ်းမကြီးစိတ်ဓာတ်လည်း စဉ်ဆက်မပြတ်ဆက်ခံသွားမှာဖြစ်သည်။

စက်တင်ဘာ ၂၁ရက်နေ့ညပိုင်းတွင် မျက်မြင်သက်သေဖြစ်ကြသည့်နိုင်ငံတကာမိတ်ဆွေများ၏ ရှေ့မှောက်တွင် 《တွမ်းဟွမ်ကြေငြာစာတမ်း》ကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ယင်းသည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀၀၀)ကျော်က အာရှဥရောပ ကုန်းမြေမှ ရဲရဲဝံ့ဝံ့လုံ့လစိုက်ကြသည့် ပြည်သူများက အာရှ-ဥရောပ-အာဖရိကယဉ်ကျေးမှုကြီး (၃)ရပ်ကို ချိတ်ဆက်ထားသော ရှေးပိုးလမ်းကြီးကို တည်ထောင်ကြောင်း ကြေငြာလိုက်သည်။ ယင်းလမ်းမကြီးသည် ကုန်သွယ်ရေးလမ်းမကြီးသာမက ချစ်ကြည်ရေးလမ်းမကြီးလည်းဖြစ်သည်။



စာရေးသူ-တန်းကျိန်း (စာရေးသူသည် တရုတ်နိုင်ငံလုံးဆိုင်ရာ အနုပညာသမဂ္ဂမှဒုတိယဥက္ကဋ္ဌ၊ တရုတ်စာရေးဆရာများအသင်းမှ ဒုတိယနာယကဖြစ်သည်။ မူလတွင် အဆိုပါဆောင်းပါးကို《ပြည်သူ့နေ့စဉ်သတင်းစာ》တွင် ထည့်သွင်းဖော်ပြထားသည်။)